dvbdebate.com   facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဂင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဂင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဂက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"How to end Communal Violence before the Elections?"***

ဖြစ်ပါတယ်။ (S5-10)

- မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ဂ၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဂင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "ရွေးကောက်ပွဲမတိုင်ခင် အကြမ်းဖက်နှောက်ယှက်မှုတွေကို ဘယ်လို ထိန်းချုပ်ကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

နိုင်ငံရေးပါတီတွေအနေနဲ့ မဲဆွယ်စည်းရုံးမှုတွေကို အပြိုင်အဆိုင်နဲ့ စတင်ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ မဲဆွယ်စည်းရုံးရေးတွေ စတင်လာတဲ့ ရက်ပေါင်း၂၀ ကျော်ကာလအတွင်းမှာပဲ မဲဆွယ်စည်း ရုံးရာ ဒေသကို သွားရောက်ကြတဲ့နေရာမှာ မညီမျှတဲ့ သွားရောက်ခွင့်တွေ၊ ပါတီဆိုင်းဘုတ် ဖျက်ဆီး ခံရတာတွေ နဲ့ ဒေသအချို့မှာ ပါတီတွေကို မဲဆွယ်စသည်းရုံးခွင့် လာရောက်မပြုလုပ်ဖို့ ပိတ်ပင်တား မြစ်တာတွေလည်း ရှိခဲ့တာကြောင့် ရွေးကောက်ပွဲ ကော်မရှင်ကို တိုင်ကြားရမှုတွေလည်း ရှိနေတယ် လို့ သတင်းများအရ သိရပါတယ်။

ဒါ့အပြင် ကချင်ပြည်နယ်နဲ့ ကရင်ပြည်နယ်ထဲက ဒေသတချို့မှာလည်း တိုက်ပွဲတွေ ဖြစ်ပွားနေ တာကြောင့် လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့ မရှိဘူးလို့လည်း သိရပါတယ်။ ကျေးရွာပေါင်း ၄၀၀ ကျော်ရှိတဲ့ ကရင်ပြည်နယ်မှာ ၁၀၀ ကျော် ကတော့ ရွေးကောက်ပွဲ မလုပ်နိုင်ဖို့ သေချာသွားပြီဖြစ်လို့ ရွေးကောက်ပွဲကော်မရှင်ကိုလည်း တင်ပြထားတယ်လို့ ကရင်ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌကဆိုထားပါတယ်။

ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းတွေ မဲဆွယ်စည်းရုံးရေးဆောင်ရွက်စဉ် ကာလအတွင် တွင်းမှာ အစိုးရတာဝန်ရှိသူတွေအနေနဲ့ လုံခြုံရေးကို အခုထက်ပိုပြီး ဖိဖိစီးစီးဆောင်ရွက်ပေးစေ ချင်တယ်လို့လည်း ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်း အတော်များများက အကြံပြု ပြော ကြားလာကြပါတယ်။ လက်ရှိမှာတော့ တိုင်းနဲ့ပြည်နယ်တွေမှာ လုံခြုံရေးနဲ့ နယ်စပ်ရေးရာ ဝန်ကြီးတွေက ဥက္ကဋ္ဌအဖြစ် ပါဝင်ထား တဲ့ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီ ဖွဲ့စည်းထားတယ်လို့ လည်း သိရပါတယ်။

ကော်မရှင်ရဲ့ခွင့်ပြုချက်အရ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှုတွေကို စတင်လုပ်ဆောင် နေပြီဖြစ်တဲ့ ကာတာစင်တာက အခုလကုန်က ထုတ်ပြန်ချက်မှာ မဲဆွယ်စည်းရုံးမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို ပြင်းထန်စွာ တင်းကျပ်ခြင်းနဲ့ မကြာသေးခင်က ထုတ်ပြန် ကြေ ညာခဲ့တဲ့ နိုင်ငံရေးဟောပြောချက်နဲ့ မိန့်ခွန်း တွေအပေါ် ကန့်သတ်ချက်တွေဟာ ရွေးကောက်ပွဲ မတိုင်မီ နိုင်ငံရေးအခြေအနေအပေါ် အပျက်သဘော ဆောင်မှုတွေ ရှိလာနိုင်မှာကို စိုးရိမ်ပူပန်တယ်လို့ ဆိုထားတာတွေ့ရပါတယ်။

ရွေးကောက်ပွဲမတိုင်မီ အခုမဲဆွယ်စည်းရုံးရေးကာလအတွင်းရက်ပေါင်း ၂၀ ကျော်လာချိန်အထိတော့ အကြမ်းဖက်နှောက်ယှက်မှုတွေအထိ ဖြစ်ပွားလာတာမျိုး မရှိသေးပေမယ့် တရားမဲ့ပြုကျင့်မှုများကိုတော့ ပါတီအချို့ရင်ဆိုင်နေရတာတယ်လို့ သိရှိရပါတယ်။ ဒီတစ်ပတ် ဒီဗွီဘီဒီဘိတ်က ရွေးကောက်ပွဲ မတိုင်ခင်မှာ နှောက်ယှက်ခံရတာတွေနဲ့ ပတ်သက်လို့ ဘယ်လိုမျိုးဖြေရှင်း နိုင်မလဲ ဆိုတာကို ဆွေးနွေးကြမှာ ဖြစ်ပါ တယ်။

**သူတို့အမြင်**

"ကျနော်ပြောနိုင်တာက လုံခြုံရေးနဲ့ပတ်သက်ပြီးတော့ အများပြည်သူစိုးရိမ်သလို ကျနော်တို့ကလည်း အထူးစိုးရိမ်ပါတယ်။ တောက်လျှောက်ကျနော်တို့ message ပေးနေပါတယ်။ ကြောက်စရာမလိုဘူး၊ မှန်တဲ့ကန်တဲ့အတိုင်းလုပ်ပါ။ နောက်ပြီးတော့ တိုင်းပြည်ရဲ့ တိုးတက် ရေးကို ပုဂ္ဂိုလ်တစ်ဦးချင်း အပေါ်မှာ မကြည့်ဘဲနဲ့ အားလုံးနဲ့ဆိုင်တဲ့ ပါတီအောင်ပွဲအတွက် ရည်ညွှန်းပါ။ ဒါကျနော်တို့ တောက်လျှောက်ပြော နေပါတယ်။"
**ဦးဉာဏ်ဦး** - အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင်

"ဆိုင်းဘုတ်ကတော့ ကျနော်တို့ နမ့်လန်မှာတော့ ၂၄ ရက်နေ့ညက တကြိမ်၊ ၂၅ ရက်နေ့မှာ အသစ် တင်လိုက်တော့ ၂၆ ရက်နေ့မှာ တကြိမ် ၂ ကြိမ် အဖျက်ခံရတယ်။ အဲဒါနဲ့ပက်သက်ပြီး တော့ ဘယ်သူ ဖျက်ဆီးတယ်ဆိုတာမသိဘူး။ ပြီးတော့ ကျနော်တို့က ရဲကိုတိုင်လိုက်တာပေ့ါ။ ရဲတိုင်လိုက်တော့ ရဲက စုံစမ်းစစ်ဆေးတဲ့ အခါကျတော့ လုပ်တဲ့လူတွေကို ဖော်ထုတ်မိပြီလို့ သိရတယ်။ အဲလိုဖြစ်တော့ ကိုယ့်ဒေသ သားခြင်းလည်းဖြစ်၊ ကိုယ့်အမျိုးသားခြင်းလည်းဖြစ်တဲ့ အတွက်ကြောင့် အကျယ်အကျယ်အငြင်းဖွယ်လည်း မဖြစ်ချင်တာကြောင့်မို့လို့ ရဲစခန်းကပဲ ဆုံးမပညာပေးပြီးတော့ ပြန်လွှတ်လိုက်လို့ ရှိရင် ကျေနပ်ပါတယ် ဆိုပြီးတော့ ကျနော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ပြောလိုက်တယ်။"

**ဦးစိုင်းစိန်ဝင်း** - ကျားဖြူပါတီ ကိုယ်စားလှယ်လောင်း (နမ့်လန်ဒေသ)

"လွှတ်တော်ကိုယ်စားလှယ်လောင်းတွေမဲဆွယ်တာ Facebook ပေါ်မှာတော့ သိက္ခာမရှိတဲ့ အပြုအမူတွေ ဆင်ခြင်ဖို့လိုတယ်။ တစ်စတစ်စ နှုတ်မထိန်းနိုင်ဘဲ ကလိတာ ရိတာကနေ အဆဲအဆိုတွေပါလာတယ်။ မဟုတ်တရုတ်လုပ်ကြံစွပ်စွဲရုံတင်မက အထင်မှား မှားအောင် ကလိမ်ကကျစ်ညစ်ပတ်ဖန်တီးမှုတွေနဲ့ သိက္ခာချတာတွေဟာ ပြည်သူတွေကို မမှန်သတင်း လုပ်ကြံမှုက ပြဿနာကို နှိုးဆွတာပဲ။ "
**ဦးအောင်စိုး** - တရားလွှတ်တော်ရှေ့နေ

*Information links:*

www.7daydaily.com
www.bbc.com
www.messengernewsjournal.com
www.burmese.voanews.com
www.thevoicemyanmar.com
www.Burmese.dvb.no
https://www.youtube.com/channel/UCH0tQh3CaE2Ek8IAJtgTwEA